## တိုင်းရင်းသားကျန်းမာရေးတည်ဆောက်မှုစနစ်များမှတဆင့် ဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်သော ငြိမ်းချမ်းရေးနှင့်ယုံကြည်မှုတည်ဆောက်ခြင်း

## ထုတ်ပြန်ကြေညာချက်

မတ်လ(၁၁)ရက် ၊ ၂၀၁၃ခုနှစ်

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (ယူအန်အက်ဖ်စီ)တို့အကြား အမျှော်အမြင်ရှိသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ကျန်းမာရေးဆိုင်ရာဆုံချက်ရနိုင်ရေးဆောင်ရွက်မည့်အစုအဖွဲ့(အိတ်ချ်စီစီဂျီ) မှ ကြိုဆိုလိုက်ပါသည်။

ယခုကာလတွင် ကောင်းမွန်သောအနာဂတ်ကိုမျှော်မှန်းသည့် တွေ့ဆုံဆွေးနွေးမှုများသည် လူသားချင်းစာနာသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လွန်စွာအထောက်အကူပြုစေပြီး လူထုများနှင့်ပြည်နယ်အဆင့်များ ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်းအထောက်အကူဖြစ်စေလိမ့်မည်။

ဆယ်စုနှစ်ပေါင်းများစွာပဋိပက္ခဖြစ်စဉ်အတွင်း တိုင်းရင်းသားလူထုများ နှင့် အဖွဲ့အစည်းများသည် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာဖွဲ့စည်းပုံစနစ်များကို ကိုယ်တိုင်တည်ဆောက်ခဲ့ကြပြီး ပဋိပက္ခများဖြစ်ပွါးနေသောဒေသနှင့် အစိုးရ၏ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမှီသည့် ဝေးလံသီခေါင်သောဒေသများအတွက် အဓိကကျန်းမာရေး စောင့်ရှောက်သူများအဖြစ်ဆက်လက်တည်ရှိနေသည်။ ဤကဲ့သို့ လွန်စွာအရေးပါသည့်အစုအဖွဲ့များသည် အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့်လိုက်လျောညီထွေစွာ ပြည်နယ်နှင့်ပြည်ထောင်စု၏ ကျန်းမာရေးစနစ်ကို ဆုံချက်ရယူ တည်ဆောက်ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာဆုံချက်ရနိုင်ရေးဆောင်ရွက်မည့်အစုအဖွဲ့(အိတ်ချ်စီစီဂျီ) ကို တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း (၄)ဖွဲ့ နှင့် နယ်စပ်ဒေသအခြေစိုက် လူထုအခြေပြု ကျန်းမာရေးအဖွဲ့ အစည်း(၄)ဖွဲ့ဖြင့် စုပေါင်းပြီး၂၀၁၂ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့ပါသည်။

အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံဒေသအသီးသီးတွင် တည်ရှိနေပြီးသော လူထုအခြေပြုကျန်းမာရေးစနစ်များသည် အနာဂတ်ကာလတွင်ဖြစ်နိုင်ခြေရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရနှင့်ပြည်နယ်ကျန်းမာရေးဌာနများ ၊ တိုင်းရင်းသားခေါင်းဆောင်များ ၊ နိုင်ငံတကာအလှူရှင်များ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ နှင့် ဒေသဆိုင်ရာလူထုအခြေပြုအဖွဲ့အစည်းများ ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက်ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် အိတ်ချ်စီစီဂျီသည် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆီသို့ဦးတည်သည့် ငြိမ်းချမ်းသောအသွင်ကူးပြောင်းမှုဖြစ်စဉ်ကို အထောက်အကူပြုစေမည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများနှင့်ဆက်နွယ်ပတ်သက်သော အောက်ပါ အခြေခံလမ်းညွှန်မှုများကို ချမှတ်ရေးဆွဲပြဌာန်းခဲ့ပါသည်။

**အခြေခံလမ်းညွှန်မှုများ**

၁။ ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုအခြေခံ၍လက်ရှိကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ထိန်းသိမ်း၊ တိုးချဲ့ဆောင်ရွက်သွားစေရမည်။
၂။ ကျန်းမာရေးလုပ်ငန်းများချမှတ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားဒေသကျန်းမာရေးဌာနများ၏ ဖွဲ့စည်းပုံစနစ်နှင့် လုပ်ပိုင်ခွင့်များကို ထိန်းသိမ်းသွားစေရမည်။
၃။ တိုင်းရင်းသားဒေသတွင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုနှင့် လူထုအခြေပြုအဖွဲ့အစည်းများပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိစေရမည်။
၄။ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများသည် လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပြီး စွမ်းရည်များတိုးတက်မြင့်မားလာစေရန် ပူးပေါင်းဆောင်ရွက်ရမည်။
၅။ ပြည်သူလူထုအတွင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်သောအဖွဲ့အစည်းများတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ပဋိပက္ခ ဖြစ်ပေါ်စေမှုကိုရှောင်ရှားစေရမည်။
၆။ တစ်မျိုးသားလုံးနှင့်ဆိုင်သောကျန်းမာရေးမူဝါဒနှင့်စနစ် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုစနစ်အတိုင်း ဦးတည်ဆောင်ရွက်သွားစေရမည်။
၇။ ကျန်းမာရေးမူဝါဒနှင့်လုပ်ငန်းစဉ်များသည် တိုင်းရင်းသားအဖွဲ့အစည်းများ၏ နိုင်ငံရေးမျှော်မှန်းချက် ၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုဖြစ်စဉ်နှင့်အညီ လိုက်လျောညီထွေမှုရှိ၍အထောက်အကူပြုစေရမည်။
၈။ ကျန်းမာရေးနှင့်ဆက်နွယ်ပတ်သက်သောလူသားချင်းစာနာမှုအကူအညီများ နှင့် ဖွံ့ဖြိုးရေးအကူအညီများ လက်ခံ ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ နှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ တည်ဆောက် ထားပြီးသောကျန်းမာရေးစနစ်နှင့် လိုက်လျောညီထွေမှု ရှိစေရမည်။
၉။ တိုင်းရင်းသားဒေသအတွင်းကျန်းမာရေးအစီအစဉ်များဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူရမည်။

အိတ်ချ်စီစီဂျီအဖွဲ့ဝင်များ

- မြန်မာနိုင်ငံဆေးပညာရှင်များအသင်း
- နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့
- ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန
- ကရင်နီနယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုကော်မီတီ
- မယ်တော်ဆေးခန်း
- မွန်အမျိုးသားကျန်းမာရေးကော်မီတီ
- အမျိုးသားကျန်းမာရေးနှင့်ပညာရေးကော်မီတီ
- ရှမ်းကျန်းမာရေးကော်မီတီ

ဆက်သွယ်ရန်-
ဒေါက်တာစင်သီယာမောင် - +၆၆(၀)၈၉ ၉၆၁ ၅၀၅၄
နိုင်ချေးမွန် - +၆၆(၀)၈၃ ၃၁၁ ၅၁၈၀